BNI BURMA NEWS INTERNATIONAL
Myanmar Peace Monitor

# Weekly News Review

Issue 125, 4 - 10 October 2023



# မုန်လိုင်ခက် စစ်ရှောင်စခန်း ဗုံးကြဲတိုက်ခိုက်ခံရမှု

# မုန်လိုင်ခက် စစ်ရှောင်စခန်း ဗုံးကြဲတိုက်ခိုက်ခံရမှု

## နိဒါန်း


**“လေယာဉ်နဲ့ပဲ ကြဲချကြဲချ၊ အဝေးကပဲ လှမ်းပစ်လှမ်းပစ်၊ အမှန်တရားဟာ အိပ်မောကျနေတဲ့ အရပ်သားပြည်သူတွေရဲ့ အသက်တွေကို နှုတ်ယူသွားခဲ့တယ်။ ဘဝတွေကို ဖြိုဖျက်ပစ်ခဲ့တယ်။ သေဆုံးသူတွေအထဲ ကလေးငယ်တွေ၊ အမျိုးသမီးတွေက အများဆုံး....”**

ယခုတစ်ပတ် BNI – Myanmar Peace Monitor ၏ အပတ်စဉ် သတင်းသုံးသပ်ချက်တွင် လိုင်ဇာမြို့အနီးရှိ မုန်လိုင်ခက်ရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့သည့် ကျင်းနက်ကြီးများနှင့် ကလေးငယ်များ၊ အမျိုးသမီးများအပါအဝင် အရပ်သားပြည်သူ ၂၉ ဦး၏အသက်ကို သေဆုံးစေခဲ့သည့် ဖြစ်စဉ်အပေါ် မြေပြင်သတင်းအချက်အလက်များကို အခြေပြုကာ ချဉ်းကပ်တင်ပြသွားပါမည်။

Myanmar Peace Monitor

# ဖြစ်စဉ်

၂၀၂၃ ခုနှစ် အောက်တိုဘာ ၉ ရက်၊ ညသန်းခေါင်အချိန် ပုံးကြဲတိုက်ခိုက်ခံရမှုကြောင့် လိုင်ဇာမြို့အနီးရှိ မုန်လိုင်ခက် (Munglai Hkyet) စစ်ရှောင်စခန်းမှ အရွယ်မရောက်သေးသည့် ကလေးငယ် (၁၁) ဦး၊ အမျိုးသမီး (၁၅)ဦးနှင့် အမျိုးသား (၃)ဦး စုစုပေါင်း အရပ်သားပြည်သူ (၂၉) ဦးသေဆုံးခဲ့ရသည်။ သေဆုံးသူတွေရဲ့ ရုပ်အလောင်းတွေကို အောက်တိုဘာ ၁၀ ရက်နေ့မှာပဲ လိုင်ဇာ၊ အင်ခရွတ်ကောင်မှာမြေမြှုပ်သင်္ဂြိုလ်ခဲ့သည်။ ဖြစ်စဉ်အတွင်း ပြင်းထန်ထိခိုက် ဒဏ်ရာရရှိခဲ့သူ (၅၇) ဦးအထိ ရှိခဲ့ပြီး လိုင်ဇာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူခဲ့ရသည်။ ယခုအခါ ဒဏ်ရာရရှိသူအများစုသည် ဆေးရုံမှ ဆင်းနိုင်ခဲ့ပြီဖြစ်သော်လည်း ကလေးငယ် (၈) ဦးအပါအဝင် (၂၀) ဦးသည် ဆက်လက်ကုသမှုခံယူနေဆဲဖြစ်ကြောင်း BNI-Myanmar Peace Monitor ၏ မြေပြင်သတင်းထောက်က အောက်တိုဘာလ၁၂ ရက် မွန်းလွဲပိုင်းတွင် အတည်ပြုနိုင်ခဲ့သည်။



မုန်လိုင်ခက်စစ်ရှောင်စခန်းသည် စစ်ရှောင်စခန်းတစ်ခုထက် ပိုသည်။ ကချင်လွတ်လပ်ရေးအဖွဲ့(KIO) ထိန်းချုပ်ရာ လိုင်ဇာမြို့နယ်ထဲမှ အိမ်ထောင်စုပေါင်း ၁၆၈ စု ရှိသော ကျေးရွာတစ်ရွာ ဖြစ်သည်။ စစ်ဘေးရှောင်ပြည်သူများနှင့် ဒေသခံပြည်သူပေါင်း ၆၅၈ ဦးနေထိုင်ရာ မုန်လိုင်ခက်စစ်ရှောင်စခန်းသည် KIO ထိန်းချုပ်နယ်မြေ အတွင်းရှိ နန်ဆန်ယန် - လိုင်ဇာကား လမ်းမကြီးဘေးတွင် ရှိသည်။

"ပေါက်ကွဲအား တအားပြင်းတော့ လေယာဉ်နဲ့ ကြဲချသွားတယ်လို့ ထင်ကြတာ။ ဒါပေမယ့် ဒေသခံဘယ်နှစ်ယောက်ကို မေးမေး လေယာဉ်သံကို ဘယ်သူမှမကြားရဘူးလို့ ဖြေတယ်။ အုန်း..အုန်း.. အုန်း..ဆိုပြီး ပေါက်ကွဲသံ သုံးကြိမ်ကြားရတယ်လို့ ဖြေပါတယ်။ တရွာလုံး အိမ်တွေပျက်စီးသွားတယ်။ မပျက်စီးတဲ့အိမ် မရှိသလောက် ပဲ"ဟု BNI-Myanmar Peace Monitor ၏ မြေပြင်သတင်းထောက်က ပြန်ပြောပြသည်။

KIO ထိန်းချုပ်နယ်မြေ လိုင်ဇာမြို့နယ်အတွင်း ၂ နှစ်ကျော်နေထိုင်ကာ သတင်းရယူခဲ့သည့် သူ့အတွေ့အကြုံအရ နန့်ဆန်ယန် - လိုင်ဇာကားလမ်းမဘေးရှိ မုန်လိုင်ခက်စစ်ရှောင်စခန်းတည်ရှိရာ ပတ်ဝန်းကျင်တွင် မည်သည့်ပေါက်ကွဲစေနိုင်သည့်အရာမျိုးကိုမှ မြင်တွေ့ခဲ့ရခြင်းမရှိကြောင်း မြေပြင်သတင်းထောက်က ဆိုပါသည်။

## ဆက်စပ်တွေ့ရှိချက်များ

"လေယာဉ်သံတော့ မကြားရဘူးဆိုပေမယ့် တိုက်ခိုက်ခံရတဲ့အခြေအနေက လေကြောင်းတိုက်ခိုက်ခံရတဲ့ အခြေအနေဖြစ်နေတယ်။ ဒါမှမဟုတ်ရင် ဒရုန်းနဲ့ ပစ်ခံရတာဖြစ်တယ်။ နောက်တခုက အဝေးပစ် Rocket နဲ့လည်း ဖြစ်နိုင်တယ်"ဟု ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူက မြေပြင်လေ့လာတွေ့ရှိချက်ကို အခြေခံကာ သုံးသပ်ပြောဆိုပါသည်။ ၎င်းတို့အနေဖြင့် အခြေအနေအသေးစိတ်ကို သိရှိနိုင်ဖို့အတွက် စုံစမ်းဖော်ထုတ်ရေးကော်မတီဖွဲ့စည်းထားပြီဟုလည်း ဆိုပါသည်။ [1]

အာဏာသိမ်းစစ်ကောင်စီ ပြောခွင့်ရသူ ဗိုလ်ချုပ်ဇော်မင်းထွန်းကတော့ ဖြစ်စဉ်ဖြစ်ပွားရာ မုန်လိုင်ခက်စစ်ရှောင် စခန်းတည်နေရာသည် နယ်စပ်ဒေသနှင့် နီးသည့်အတွက် ညသန်းခေါင်ချိန် ၎င်းတို့အနေဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်ခြင်းတို့သည် ဖြစ်နိုင်ချေရှိ၊ မရှိ စဉ်းစားစေလိုကြောင်း ငြင်းဆိုထားသည်။ ထို့အပြင် ယခုဖြစ်စဉ်သည် KIO ၏ ဒရော့ပုံးများပေါက်ကွဲခြင်းသာ ဖြစ်နိုင်ကြောင်း ပြန်လည်စွပ်စွဲထားပါသည်။


1 လိုင်ဇာ၊ မုန်လိုင်ခက်စစ်ရှောင်စခန်းတိုက်ခိုက်ခံရမှု ၂၉ ဦးသေဆုံးပြီး ၅၇ ယောက် ထိခိုက်ကြောင်း KIO ထုတ်ပြန် http://rb.gy/mtj9g

ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှုစတင်စဉ်ကတည်းက အာဏာသိမ်းစစ်ကောင်စီတပ်၏ လုပ်ဆောင်နေကျပုံစံအတိုင်းဖြစ်နေပြီး အရပ်သားပြည်သူများအပေါ် ဆိုးဝါးပြင်းထန်သည့်တိုက်ခိုက်မှုများကျူးလွန်ပြီးတိုင်း ၎င်းတို့တွင် တာဝန်မရှိကြောင်း အကြောင်းအမျိုးမျိုးပြကာ ငြင်းဆန်နေခြင်းဖြစ်သည်ဟု ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာတွမ်အင်ဒရူးက ရှုမြင်ပါသည်။

"ဒီလိုတိုက်ခိုက်မှုတွေ လုပ်ပြီးတိုင်း သူတို့မှာ တာဝန်မရှိကြောင်း ငြင်းဆိုတာ၊ အကြောင်းပြချက်အမျိုးမျိုးပေးတတ်တာ မြန်မာစစ်ခေါင်းဆောင်တွေ လုပ်နေကျအပြုအမူဖြစ်ပါတယ်။ အခုကိစ္စမှာလဲ တာဝန်မခံဘဲ အခြားသူတွေကို အပြစ်ပုံချတာလည်း သူတို့လုပ်နေကျ ပုံစံအတိုင်းပါပဲ"။ [2]

အာဏာသိမ်းစစ်ကောင်စီ ပြောခွင့်ရသူ ဗိုလ်ချုပ်ဇော်မင်းထွန်း ငြင်းဆိုသကဲ့သို့ နယ်စပ်ဒေသနှင့် နီးသည့်နေရာများကို ၎င်းတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်သည်ဆိုရာတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်၊ ၁၁ ရက်နေ့များ အတွင်း အိန္ဒိယ-မြန်မာနယ်စပ်အနီးတည်ရှိရာ ချင်းအမျိုးသားတပ်ဦး (CNF/CNA) ဌာနချုပ်အား တိုက်လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်မှုဖြစ်စဉ်ကို သတိရစေပါသည်။ အိန္ဒိယနိုင်ငံဘက်ခြမ်း ဗုံးတစ်လုံးကျရောက် ပေါက်ကွဲခဲ့သဖြင့် အိန္ဒိယစစ်တပ်မှ ကွင်းဆင်းစစ်ဆေးခဲ့ရဖူးသည်။ အလားတူ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နှင့် ထိုင်းနိုင်ငံများအတွင်း စစ်ကောင်စီတပ်၏ လက်နက်ကြီးကျည်ကျရောက်မှု၊ ဗုံးသီးကျရောက်မှုဖြစ်စဉ်များကို တွေ့မြင်နေရပြီးဖြစ်ပါသည်။

2 ကချင်ဒုက္ခသည်စခန်းတိုက်ခိုက်မှု စစ်တပ်ရဲ့စစ်ဆင်ရေးတစ်စိတ်တစ်ပိုင်းလို့ တွမ်အင်ဒရူး ပြော http://rb.gy/mv45j



ဖော်ပြပါ ကြီးမားကျယ်ပြန့်သော ကျင်းနက်ကြီးကို လေ့လာကြည့်ပါက စစ်လက်နက်သိုလှောင်ရာနေရာတစ်ခု ပေါက်ကွဲသည်ဆိုခြင်းထက် ပြင်းထန်သော စစ်လက်နက်ပစ္စည်းတစ်ခုကို အဝေးမှဖြစ်စေ၊ ကောင်းကင်ယံမှဖြစ်စေ ပစ်ချသဖြင့် ပေါက်ကွဲခဲ့သည်ဟု တွက်ဆနိုင်ပါသည်။ ထို့အပြင် ပေါက်ကွဲရာနေရာသည်လည်း လမ်းမကြီးဘေးတွင် ဖြစ်သည့်အတွက် စစ်ကောင်စီမှ စွပ်စွဲပြောဆိုမှုသည် ယုတ္တိမရှိဟု ရှုမြင်မိပါသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး လင်ဒါသောမတ်စ်ဂရင်းဖီးဒ်ကလည်း မုန်လိုင်ခက်ရွာ စစ်ဘေးရှောင်စခန်းတိုက်ခိုက်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်ပြီး အာဏာသိမ်းစစ်ကောင်စီ၏ လုပ်ရပ်ကို ပြစ်တင်ရှုတ်ချကြောင်း အောက်တိုဘာလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ လူ့အသက်ကို တန်ဖိုးမထား၊ မလေးစားသည့် လုပ်ရပ်တစ်ခုဖြစ်ပြီး အာဏာသိမ်းစစ်အုပ်စုအား ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် - ၂၆၆၉ ထက်ကျော်လွန် အရေးယူဆောင်ရွက်ရန် လိုအပ်နေကြောင်းကို မီးမောင်းထိုးပြနေသည်ဟု ဆိုပါသည်။ [3]

## သုံးသပ်တင်ပြချက်

ကလေးငယ်များ၊ အမျိုးသမီးများအပါအဝင် အရပ်သားပြည်သူ ၂၉ ဦး သေဆုံးခဲ့ရသည့် မုန်လိုင်ခက် စစ်ရှောင်စခန်းပုံးကြဲတိုက်ခိုက်ခံရမှုဖြစ်စဉ်သည် စစ်အာဏာသိမ်းကာလ အတွင်း မြင်တွေ့ခဲ့ရသည့် ကန့်ပလူမြို့နယ် ပဇီကြီးရွာဖြစ်စဉ်၊ ဖားကန့်မြို့နယ် အနန့်ပါ

3 Statement by Ambassador Linda Thomas-Greenfield on the Burma Military Regime’s October 9 Attack on Munglai Hkyet, Kachin State http://rb.gy/7yq32




ဒေသဖြစ်စဉ်၊ ဒီပဲယင်းမြို့နယ် လက်ယက်ကုန်းရွာဖြစ်စဉ်များကဲ့သို့ အာဏာသိမ်းစစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို ပြန်လည်သတိရစေသည်။ အရပ်သားပြည်သူများနေထိုင်ရာ ကျေးရွာများ၊ စာသင်ကျောင်းများ၊ စစ်ရှောင်စခန်းများကို ပစ်မှတ်ထားကာ လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်များသည် ကရင်နီ (ကယား)အပါအဝင် နိုင်ငံတဝှမ်းလုံးတွင် တွေ့ရှိနေရပါသည်။

နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်အရှိန်အဟုန် ပြင်းထန်ကျယ်ပြန့်လာသည်နှင့်အမျှ အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများကိုလည်း တိုးမြှင့်လုပ်ဆောင်လာနေသည်ကို တွေ့ရှိရပါသည်။ BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၃ ခုနှစ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ပုံးကြဲ ပစ်ခတ်တိုက်ခိုက်မှုများသည် ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်များအတွင်း တိုက်ခိုက်မှုများထက် ပိုမိုများပြားလာသည်ကို တွေ့ရပါသည်။ [4]

မုန်လိုင်ခက်စစ်ရှောင်စခန်း ပုံးကြဲတိုက်ခိုက်ခံရမှုဖြစ်စဉ်အပေါ် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)အပါအဝင် နွေဦးတော်လှန်ရေးအင်အားစုများအပြင် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ရက္ခိုင့်တပ်တော်(AA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)၊ကိုးကန့်တပ်ဖွဲ့(MNDAA)၊ CNF စသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကလည်း ပြစ်တင်ရှုတ်ချခဲ့ကြသည်။ စစ်ရေး၊ နိုင်ငံရေးနှင့် အဘက်ဘက်တွင် ရှုံးနိမ့်နေသည့် အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့အား မထောက်ခံသော ပြည်

4 Military Regime’s Airstrikes in Myanmar (1 Feb 2021 – Current) http://rb.gy/yl4cy



**“အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့အား မထောက်ခံသော ပြည်သူလူထုအပေါ် အပြိုးအတေး၊ အာဃာတကြီးစွာဖြင့် လက်နက်ကြီးများနှင့် လေကြောင်းမှပစ်ခတ်တိုက်ခိုက်မှုများကို နိုင်ငံတဝှမ်းလုံးတွင် ပြောင်ကျကျကျူးလွန်နေကြောင်း …”**

သူလူထုအပေါ် အပြိုးအတေး၊ အာဃာတကြီးစွာဖြင့် လက်နက်ကြီးများနှင့် လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုများကို နိုင်ငံတဝှမ်းလုံးတွင် ပြောင်ကျကျကျူးလွန်နေကြောင်း မြောက်ပိုင်းညီနောင် (၃)ဖွဲ့က ထုတ်ပြန်ထားသည်။ [5]

မုန်လိုင်ခက်စစ်ရှောင်စခန်း ဗုံးကြဲတိုက်ခိုက်မှုဖြစ်စဉ်သည် အာဏာသိမ်းစစ်အုပ်စု၏ နောက်ဆုံးလုပ်ရပ်မဟုတ်နိုင်ဟု ဆိုရပါမည်။ ၎င်းတို့၏ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှု အောင်မြင်စေရေးအတွက် နွေဦးတော်လှန်ရေးအင် အားစုများအား ထောက်ကူပံ့ပိုးလျက်ရှိသော ပြည်သူလူထုအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန် ရေးအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်အုပ်စု၏ ပစ်မှတ်ထားတိုက်ခိုက်မှုကို အချိန်မရွေးကြုံတွေ့ရနိုင်ချေရှိနေကြောင်း သတိပြုဆင်ခြင်ဖွယ်ရာဖြစ်သည်။

စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော၊ လူသားမဆန်သော လုပ်ရပ်တိုင်းကို မှတ်တမ်းပြုထားရန်လိုအပ်သကဲ့သို့ အသက်ဆုံးရှုံးခဲ့ရသော ကလေးငယ်များ၊ အမျိုးသမီးများနှင့် ပြည်သူလူထု တစ်ဦးတစ်ယောက်ချင်းစီတိုင်းအတွက် တရားမျှတမှုရရှိရေး အထူးလိုအပ်ပါသည်။

“လေယာဉ်နဲ့ပဲ ကြဲချကြဲချ ၊ အဝေးကပဲ လှမ်းပစ်လှမ်းပစ် ၊
အမှန်တရားဟာ အိပ်မောကျနေတဲ့ အရပ်သားပြည်သူတွေရဲ့ အသက်တွေကို
နုတ်ယူသွားခဲ့တယ်။ ဘဝတွေကို ဖြိုဖျက်ပစ်ခဲ့တယ်။
သေဆုံးသူတွေအထဲ ကလေးငယ်တွေ၊ အမျိုးသမီးတွေက အများဆုံး”။

---

5 မုန်လိုင်ခတ်စစ်ရှောင်စခန်းပစ်ခတ်ခံရမှုတွင် ထိခိုက်သေဆုံးသူများအတွက် ဝမ်းနည်းကြေကွဲရပြီး KIO/KIA နှင့် တစ်သွေးတစ်သားတည်းရှိကြောင်း ညီနောင်မဟာမိတ် ၃ ဖွဲ့ ထုတ်ပြန် http://rb.gy/cismp



“ရခိုင်ပြည်နေရာအနှံ့တွေမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ ဖြစ်လာနေတာကို ကြားရတော့ စိတ်မကောင်းဖြစ်မိတယ်။ အများစုကတော့ ကလေးသူငယ်တွေကို သူတို့ပတ်ဝန်းကျင်က ဆက်စပ်တဲ့ လူကြီးတွေ ဆွေမျိုးသားချင်းတွေက ကျူးလွန်ကြတာတွေ ပိုများတယ်။ ကျူးလွန်တဲ့သူတွေအနေနဲ့ သူတို့လိင်စိတ်ကြွလာရင် ဘယ်လိုဖြေရှင်းရမယ်ဆိုတာကိုမသိလို့ အခုလိုတွေ ဖြစ်ကြတာ။ အဲဒါကြောင့် လိင်ပိုင်းဆိုင်ရာအသိပညာနဲ့ပတ်သက်လို့ ကလေးတွေဆိုရင် ကျောင်းပညာရေးမှာ သူတို့နဲ့သင့်တော်တာတွေ ထည့်ပေးသင့်တယ်။ လူကြီးတွေအနေနဲ့ဆိုရင်လည်း ဖြေရှင်းလို့ရမယ့် ကိစ္စတွေနဲ့ စောင့်ထိန်းသင့်တာတွေကို တာဝန်ရှိသူတွေကစီစဉ်ပေးသင့်တယ်။ နောက်ပြီး တရားဥပဒေပိုင်းပေါ့။ကျူးလွန်ခံရတဲ့ သူတွေက ဘယ်သူ့ကိုသွားတိုင်လို့ တိုင်ရမှန်းမသိကြဘူး။ ဘယ်အစိုးရကို အားကိုးရမလဲ မသေချာဘူး။”

မယွန်းနဒီဦး

ကျောက်တော်လူငယ်များအစည်းအရုံး


*(BNI-MPM ဝက်ဆိုက်ဒ်တွင် ဖော်ပြထားသည့်*
*"ရခိုင်မှာ သက်ငယ်မုဒိမ်းမှုအဖြစ်များလာတာက ဘာကြောင့်ပါလဲ" မှ*
*ကောက်နုတ်သည်)*


# အပိုင်း ၂

## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ အောက်တိုဘာလ ၄ ရက်မှ ၁၀ ရက် တစ်ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF) များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (ERO) များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၂၅ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၉ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့် အတွက် အကြိမ်ရေအားဖြင့်မှု ယခုထက်ပိုမို များပြားနိုင်ပါသည်။

တစ်ပတ်အတွင်း
မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှု
၂၅




## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု


၄ – ၁၀ အောက်တိုဘာ ၂၀၂၃

| ၁၂၉ | ၉ | ၅၅ |
|---|---|---|
| စစ်ကောင်စီတပ်သားသေဆုံးမှု | ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု | အရပ်သားသေဆုံးမှု |




## ၂၅၆၀၀ စစ်ဘေးရှောင်အရေအတွက် (၄ – ၁၀ အောက်တိုဘာ ၂၀၂၃)







တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

- ၀ - ၀
- ၀ - ၁
- ၂ - ၃

# စစ်ကိုင်း

ယင်းမာပင်၊ ရွှေဘို၊ ကန့်ဘလူ၊ မုံရွာ၊ အင်းတော်၊ ကလေးနှင့် ဝက်လက်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကျောင်းသားတပ်မတော်(ABSDF)၊ ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၆၅ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၃ ဦး ကျဆုံးခဲ့သည်။ အောက်တိုဘာ ၄ ရက်နေ့က မုံရွာမြို့ အဝင် မုံရွာ-မန္တလေးလမ်းမပေါ်မှာ နတ်လူထိပွန် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးမြတ်နှင့် ရဲ ၁ ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ကပစ်ခတ်ရှင်းလင်းခဲ့သည်။ [1] စစ်ကောင်စီတပ်သားများ၏ ပစ်ခတ်မှုကြောင့် ဆားလင်းကြီး၊ ကလေးနှင့် ကန့်ဘလူမြို့နယ်များမှ ဒေသခံပြည်သူ ၇ ဦးသေဆုံးခဲ့သည်။ ထို့အပြင် စစ်ကိုင်းနှင့် အင်းတော်မြို့နယ်များတွင် အမျိုးသား ၂ ဦး အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ်စစ်ကြောင်းထိုးလာသောကြောင့် ပုလဲ၊ ဆားလင်းကြီးနှင့် ကန့်ဘလူမြို့နယ်များမှ ဒေသခံ ပြည်သူ ၂၃၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။





1 မုံရွာမှာ အုပ်ချုပ်ရေးမှူးနဲ့ ရဲတဦးကားနဲ့အပြန် ပစ်ခတ်ခံရလို့ သေဆုံး https://tinyurl.com/ywmhj6rw


# မကွေးတိုင်း

ရေစကြို၊ စလင်း၊ မြိုင်နှင့်ဆိပ်ဖြူမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၆ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ပေါက်နှင့်ဂန့်ဂေါမြို့နယ်များတွင် စစ်ကောင်စီတပ် တိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၃ ဦး သေဆုံးခဲ့သည်။ အောက်တိုဘာလ ၁၀ ရက်နေ့က ပခုက္ကူမြို့နယ်၊ ကျောက်ဖူးကျေးရွာအနီးက ဒေသကာကွယ်ရေးတပ်ဖွဲ့စခန်း ၁ ခု စီးနင်းခံရပြီး ရဲဘော် ၅ ဦး သေဆုံးခဲ့သည်။ အဆိုပါ စစ်ကောင်စီစစ်ကြောင်း ဝင်ရောက်လာသောကြောင့် ပခုက္ကူမြို့နယ်အတွင်းမှ ကျောက်ဖူး၊ ထန်းပင်ချောင်း၊ ရွာသာ အေးကျေးရွာများက ဒေသခံ ၁၀၀၀ ခန့် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။ [2] အောက်တိုဘာလ ၉ ရက်နေ့က ကံမမြို့မှာ ဖောက်ထွင်းမှုသံသယဖြင့် ဖမ်းဆီးခံထားရသည့်အမျိုးသားတယောက်စစ်ကောင်စီရဲစခန်း စစ်ကြောရေးမှာ လက်လွန်သေဆုံးခဲ့သည်။ [3]








2 ပခုက္ကူက Local PDF စခန်း ၁ ခုစီးနင်းခံရပြီး ရဲဘော် ၅ ဦးသေဆုံး https://tinyurl.com/yu6xgecd
3 ကံမမြို့တွင် ခိုးမှုသံသယဖြင့် ဖမ်းဆီးခံရသူ ၁ ဦး စစ်ကြောရေး၌ သေဆုံး https://tinyurl.com/yu9vgthn




# ပဲခူးတိုင်း

ပေါင်းတည်၊ တောင်ငူနှင့်ရေတာရှည်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၂၂ ဦး သေဆုံးခဲ့သည်။ အောက်တိုဘာလ ၇ ရက်နေ့က ပေါင်းတည်မြို့နယ်၊ ကျောက်တံခါးအုပ်စု၊ အောင်သပြေရွာမှာနေသည့် ပျူစောထီးဆိုသူ ကိုဖိုးဝကို ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။[4] အလားတူ အောက်တိုဘာလ ၄ ရက်နေ့က အုတ်ဖိုမြို့နယ်၊ ကြို့ကိုးပင်ကျေးရွာလမ်းပေါ်မှာ  စစ်ကောင်စီလက်အောက်ခံ အုပ်ချုပ်ရေးမှူး ဦးဇော်ဝမ်းဆိုသူကို ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။ [5] ထို့အပြင် အောက်တိုဘာလ ၁၀ ရက်နေ့က ဖြူးမြို့နယ်၊ ကျော်လှရွာကို  စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အသက် ၁၄ နှစ်ရွယ် ကိုးတန်းကျောင်းသူတစ်ဦး လက်နက်ကြီးကျည် ထိမှန်သေဆုံးခဲ့သည်။ [6] အောက်တိုဘာလ ၆ ရက်နေ့က  ရေတာရှည်မြို့နယ်၊ နဂျပ်ရွာနှင့် လက်ပံဖြူရွာကို စစ်ကောင်စီတပ်က  လေကြောင်းက ပစ်ခတ်သောကြောင့် အရပ်သား ၁၀၀၀ နီးပါး ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။ [7]





4 ပေါင်းတည်မြို့နယ်က ပျူစောထီးဆိုသူ အမျိုးသား ၁ ဦးပစ်ခတ်ခံရလို့ သေဆုံး  https://tinyurl.com/yvqlfmx8

5 အုတ်ဖိုမှာ အုပ်ချုပ်ရေးမှူးတဦး သေနတ်နဲ့ပစ်ခံရလို့သေဆုံး https://tinyurl.com/ysqjozw8


6 ဖြူးမြို့နယ်မှာ လက်နက်ကြီးကြောင့် ကိုးတန်းကျောင်းသူသေဆုံး၊ လေးဦးဒဏ်ရာရ  https://tinyurl.com/ylb2gklx

7 ရေတာရှည်မှာ လေကြောင်းတိုက်ခိုက်မှုကြောင့် လူတစ်ထောင်နီးပါး ထွက်ပြေး  https://tinyurl.com/ysc5f4sv





# ရှမ်း (သျှမ်း) ပြည်နယ်

ဖယ်ခုံနှင့်သိန္နီမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ရှမ်းပြည်တပ်မတော်(SSPP/SSA)၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ၁ ဦး သေဆုံးခဲ့သည်။ အဆိုပါ အောက်တိုဘာ ၉ ရက်နေ့က သိန္နီမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားနေမှုကြောင့် ကျေးလက်နေပြည်သူ ၆၀၀ နီးပါး ဘေးလွတ်ရာတိမ်းရှောင်နေရသည်။[8] ထို့အပြင် အောက်တိုဘာလ ၉ ရက်နေ့က နမ့်ခမ်းမြို့နယ်အတွင်းမှာ ကလေးပြန်ပေးဆွဲခဲ့သည့် အဖွဲ့တစ်ဖွဲ့ကို တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA) က ပစ်ခတ်ဖမ်းဆီးခဲ့ရာ တစ်ဦးသေဆုံးပြီး နှစ်ဦး ဖမ်းမိခဲ့သည်။ [9]





8 သိန္နီမြို့နယ်၌ တိုက်ပွဲဖြစ်၊ ဘုန်းကြီးကျောင်းနှင့် ရွာထဲ လက်နက်ကြီးကျ၊ ရွာသားများ တိမ်းရှောင် https://tinyurl.com/ylpkwm2y

9 နမ့်ခမ်းမှာ ကလေးပြန်ပေးဆွဲအဖွဲ့ကို TNLA ပစ်ခတ်ဖမ်းဆီး၊ တစ်ဦးသေဆုံးပြီး နှစ်ဦးဖမ်းမိ https://tinyurl.com/ylpkb8dp




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း


- ၀ - ၀
- ၀ - ၁
- ၁ - ၂




# တနင်္သာရီတိုင်း

လောင်းလုံနှင့် တနင်္သာရီမြို့နယ်များမှာ စစ်ကောင်စီတပ်နှင့် ကော်သူးလေအာမီ(KTLA)၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၄ ဦးသေဆုံးခဲ့သည်။ ထို့အပြင် အောက်တိုဘာလ ၆ ရက်နေ့က မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ အမှတ် ၁ ဆိပ်ခံတံတားမှာ အမျိုးသားတယောက်ကို စစ်ကောင်စီလက်အောက်ခံ ပျူစောထီးအဖွဲ့များက ကင်းလှည့်ရင်းပစ်သတ်ခဲ့သည်။ [10]






# ကချင်

အောက်တိုဘာလ ၅ ရက်နေ့က မိုးကောင်းမြို့နယ်၊ ရေရှင်ရွာမှအုပ်ချုပ်ရေး မှူးဦးလှထွန်းဆိုသူ နေအိမ်ရှေ့တွင် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။[11] အလားတူ အောက်တိုဘာလ ၅ ရက်နေ့က ဖားကန့်မြို့မှာ အမျိုးသား ၂ ဦး အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့်သေဆုံးခဲ့သည်။ [12] အောက်တိုဘာလ ၉ ရက်နေ့က ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO/KIA)ဌာနချုပ် လိုင်ဇာမြို့၏မြောက်ဘက်သုံးမိုင်ခန့်အကွာ မုန်လိုင်ခက်ရွာမှာရှိသည့် စစ်ဘေးဒုက္ခသည်စခန်းကို စစ်ကောင်စီလေတပ်က ဗုံးကြဲတိုက်ခိုက်ရာ စစ်ဘေးဒုက္ခသည် ၂၉ ဦး သေဆုံးပြီး ၅၇ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ [13]

---

10 မြိတ်မြို့တွင် အမျိုးသား ၁ ဦးကို ပျူစောထီးက ပစ်သတ် https://tinyurl.com/yn5kgy5l

11 ရေရှင်ရွာက အုပ်ချုပ်ရေးမှူးပစ်သတ်ခံရ https://tinyurl.com/yu8rk7wv


12 ဖားကန့်မှာ အမျိုးသားနှစ်ဦးသေနတ်နဲ့ပစ်သတ်ခံရ https://tinyurl.com/yl99e7dz

13 လိုင်ဇာအနီး ဒုက္ခသည်စခန်း တိုက်ခိုက်ခံရပြီး ကလေးသူငယ်တွေအပါအဝင် သုံးဆယ်နီးပါး သေဆုံး https://tinyurl.com/yshk6oq2



## မန္တလေး


အောင်မြေသာစံနှင့် မတ္တရာမြို့နယ်များတွင် စစ်ကောင်စီတပ်သားများ တိုက်ခိုက်ခံရပြီး ၂၂ ဦး သေဆုံးခဲ့သည်။ ထို့အပြင် မတ္တရာမြို့နယ် အရှေ့ခြမ်း၊ သဖန်းကိုင်းကျေးရွာမှာ တပ်စွဲခဲ့သည့် စစ်ကောင်စီတပ်သားများကအမျိုးသားတစ်ဦးကိုသတ်ပြီးမြေမြှုပ်ခဲ့ကြောင်း အောက်တိုဘာ ၆ ရက် နေ့က ပြည်သူ့ကာကွယ်ရေးတပ်တွေ နယ်မြေရှင်းလင်းရေးဝင်ချိန်တွေ့ရှိခဲ့သည်။ [14]






## မွန်

အောက်တိုဘာလ ၁၇ရက်နေ့က ရေးမြို့နယ်၊ မြသီတာဈေးအနီးမှာအောင်မေတ္တာရပ်ကွက် အုပ်ချုပ်ရေးမှူးပျူစောထီးခေါင်းဆောင် ကိုလတ်ဆိုသူကို ရေးဘီလူးအဖွဲ့က ပစ်ခတ်ရှင်းလင်းခဲ့သည်။ [15]





14 စစ်အုပ်စုက ရွာမှာတပ်စွဲချိန် အမျိုးသားတဦးကိုသတ်ပြီးမြေမြှုပ်ခဲ့ https://tinyurl.com/yrmgdcq7


15 ရေးမြို့ အောင်မေတ္တာရပ်ကွက် အုပ်ချုပ်ရေးမှူး ပစ်သတ်ခံရ https://tinyurl.com/ywc86t22



# ရန်ကုန်

အောက်တိုဘာလ ၉ ရက်နေ့က ကြည့်မြင်တိုင်ညဈေးမှ ဇမ္ဗူရာဇ်ရွှေဆိုင်ပိုင်ရှင်ဦးမင်းဇော် ဦးဆိုသူသည် အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့၏ ဖမ်းဆီးခံရပြီး သေဆုံးနေသည့် ရုပ်အလောင်းကို ထောက်ကြန့်လမ်းဆုံရန်ကုန်-ပဲခူးကားလမ်းမဇီးရိုးမိုင်တွင်တွေ့ရှိခဲ့သည်။ [16]



# ကရင်

အောက်တိုဘာ ၄ ရက်နေ့က အမှတ် ၄ ရပ်ကွက်၊ ပန်းခြံ ၃လမ်းနေထိုင်သူစောသန်းထိုက်အောင်နှင့် မနှင်းနှင်းဝေတို့ လင်မယားနှစ်ဦးသည် အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ အဆိုပါ ပစ်ခတ်သတ်ဖြတ်ခံရသူ လင်မယားသည် ကရင်နယ်ခြားစောင့်တပ် - BGF တပ်နှင့် နီးစပ်ပတ်သက်ပြီး ရွှေကုက္ကိုလ်မြို့သစ်ဘက်တွင် ကာစီနိုလောင်းကစားလုပ်ငန်း လုပ်ဆောင်နေသူဟု သိရသည်။ [17]




16 ကြည့်မြင်တိုင်ညဈေးရှိ ဇမ္ဗူရာဇ်ရွှေဆိုင်ပိုင်ရှင် ဖမ်းဆီးသတ်ဖြတ်ခံရ https://tinyurl.com/yu477qsl


17 မြဝတီမြို့တွင် ဖြစ်ပွားသည့် ပစ်ခတ်သတ်ဖြတ်မှု ၂ ခုအတွင်း လူ ၃ ဦးသေဆုံးခဲ့ https://tinyurl.com/ylpm34lr

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၁ ရက်

# ကရင်နီ (ကယား)




အောက်တိုဘာလ ၄ ရက်နေ့က ဖားဆောင်းမြို့နယ်၊ ခုံးဟန့်ကျေးရွာအနီးကို စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်က ဗိုလ်ကြီးတစ်ဦးအပါအဝင် ၅ ဦး သေဆုံးခဲ့သည်။ [18] ထို့အပြင် အောက်တိုဘာလ ၇ ရက်နေ့က စစ်ကောင်စီတပ်လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဖရူဆိုမြို့နယ် အနောက်ဖက်ခြမ်းက ကျေးရွာတစ်ရွာ၏ နေအိမ်အနီး လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အသက် ၈ နှစ်အရွယ် စစ်ရှောင်ကလေးငယ် တစ်ဦး သေဆုံးခဲ့ရသည်။ [19]




# ရခိုင်



အောက်တိုဘာ ၅ ရက်နေ့က အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်တွင်နေထိုင်သူ ဦးမောင်စိန်တင်ဆိုသူသေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦးလည်းထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။[20]ထို့အပြင် အောက်တိုဘာ ၈ ရက်နေ့က ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရပ်ဘူတာ ဂဏန်းတောင်စစ်ဘေးရှောင်စခန်း အနီးတွင် မိုင်းပေါက်ကွဲမှုဖြစ်ပွား၍ အသက် ၁၀ နှစ် အရွယ်ကလေးတစ်ဦးသေဆုံးပြီးကလေးနှစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။ [21]




18 ခုံးဟန့်ကျေးရွာအနီးတိုက်ပွဲမှာ စစ်ကောင်စီဖက် ဗိုလ်ကြီးတစ်ဦး အပါအဝင် ၅ဦးသေဆုံး၊ လက်နက်တချို့သိမ်းဆည်းရမိ https://tinyurl.com/yqqgegyo

19 လက်နက်ကြီးစ ထိမှန်မှုကြောင့် (၈)နှစ်အရွယ် စစ်ရှောင်ကလေးတစ်ဦး သေဆုံး https://tinyurl.com/yu5esaco

20 စစ်တွေတွင် ယမန်နေ့ညက သေနတ်ပစ်ခတ်မှုဖြစ်ပြီးနောက် လုံခြုံရေးတိုးမြှင့်ထား https://tinyurl.com/yn4x9wqt

21 ပုဏ္ဏားကျွန်း ယိုးတရုတ်ရထားဘူတာ မိုင်းပေါက်ကွဲ၍ ၁၀ နှစ်အရွယ် စစ်ဘေးရှောင် ကလေးတစ်ဦးသေဆုံးပြီး ကလေးနှစ်ဦး ပြင်းထန်ဒဏ်ရာရ https://tinyurl.com/ynn939tr

## နိုင်ငံတကာ စာမျက်နှာ




အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် အောက်တိုဘာ ၂ ရက်မှ ၄ ရက်အထိ ပြုလုပ်ခဲ့သည့် ၇၈ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၊ ဒုတိယကော်မတီ (စီးပွားရေးနှင့် ဘဏ္ဍာရေး) ၏ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားမှု (General Debate) ဆိုင်ရာ အစည်းအဝေးတွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းမှ မြန်မာ့အကျပ်အတည်းကို အပြည့်အဝဖြေရှင်းရန် တစ်ခုတည်းသောနည်းလမ်းမှာ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းပြီး၊ ကျူးလွန်သူများကို တာဝန်ခံမှု ရှိလာစေရန် ဖြစ်ကြောင်း ထောက်ပြပြောဆိုခဲ့ပါသည်။

ထို့ပြင် နိုင်ငံတကာအသိုက်အဝန်းအနေနှင့်လည်း မြန်မာပြည်သူများ၏အသံကို နားထောင်ပြီး မြန်မာနိုင်ငံသားများအပေါ် တာဝန်မပျက်ကွက်စေရေးနှင့် မြန်မာပြည်သူပြည်သားများကို ချန်လှပ်မထားခဲ့စေရေးအတွက် ဂရုတစိုက်လုပ်ဆောင်ပေးရန် ကုလသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းခဲ့ပါသည်။ [1]

---

1 မြန်မာ့အကျပ်အတည်းဖြေရှင်းရန် တခုတည်းသောနည်းလမ်းက စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး ဖြစ်ဟုသံအမတ်ကြီး ဦးကျော်မိုးထွန်းပြော https://tinyurl.com/yws3z3x7

❝

မြန်မာစစ်အာဏာရှင်သည် လွတ်လပ်စွာ အသင်းပင်းဖွဲ့စည်းမှု နှင့် အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်နေသည်ဟု စစ်ဆေးတွေ့ရှိရကြောင်း

❞

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်မှ မြန်မာစစ်အာဏာရှင်သည် လွတ်လပ်စွာအသင်းပင်းဖွဲ့စည်းမှုနှင့် အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်နေသည်ဟု စစ်ဆေးတွေ့ရှိရကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ယင်းအပြုအမူများသည် လွတ်လပ်စွာ အသင်းပင်းဖွဲ့စည်းခြင်းနှင့်စုဝေးခွင့်ဆိုင်ရာပြဋ္ဌာန်းချက် ၁၉၄၈ (အမှတ် ၈၇) အရ၊ မြန်မာနိုင်ငံမှ လိုက်နာရန်ရှိသော တာဝန်များကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဆိုထားပါသည်။ [2]

အောက်တိုဘာ ၄ ရက်တွင် အမေရိကန်အခြေစိုက် Freedom House အဖွဲ့မှ ထုတ်ပြန်သည့် Freedom on the Net အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် အင်တာနက်လွတ်လပ်ခွင့် ဖိနှိပ်ချိုးဖောက်ခံနေရသည့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဒုတိယအဆိုးဆုံးနိုင်ငံဖြစ်နေကြောင်း ဖော်ပြထားပါသည်။ ၎င်းအဖွဲ့သည် နိုင်ငံပေါင်း ၇၀ ကို မှတ်တမ်းပြုစုထားပြီး၊ ယင်းအနက် ၅၅ နိုင်ငံမှ ပြည်သူလူထုသည် အွန်လိုင်းပေါ်တွင် ထုတ်ဖော်ပြောဆိုမှုများကြောင့် ဥပဒေကြောင်းအရ ဖိနှိပ်အရေးယူခံနေရပြီး၊ နောက်ထပ် ၄၁ နိုင်ငံတွင် အွန်လိုင်းပေါ်၌ ထင်မြင်ချက်များ၊ အယူအဆများ ပြောဆိုမှတ်ချက်ပေးရေးသားခြင်းများကြောင့် ကိုယ်ထိလက်ရောက်တိုက်ခိုက်ခံရခြင်းနှင့် သတ်ဖြတ်ခံရခြင်းအထိရှိနေခဲ့သည်ဟု ဖော်ပြထားပါသည်။ [3]

2 စစ်ကောင်စီ ကျူးလွန်သည့် အဓမ္မခိုင်းစေ ချိုးဖောက်မှုများ အကြောင်းမပြန်ပါက ICJ ထံ လွှဲပေးမည်ဟု ILO ကြေညာ https://tinyurl.com/2xcxu3hs

3 အင်တာနက်လွတ်လပ်ခွင့် ချိုးဖောက်မှု မြန်မာက ဒုတိယအဆိုးဆုံးဖြစ် https://tinyurl.com/ynz6o5lq

## မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။